



# နစ်နာကြေးရန်ပုံငွေ

## နစ်နာကြေးရန်ပုံငွေအခွင့်အရေး

နစ်နာကြေး ရန်ပုံငွေဆိုသည်မှာ လုပ်ငန်းခွင်အတွင်း မတော်တဆ ထိခိုက်ဒဏ်ရာရခြင်း ၊ ဖျားနာခြင်း ၊ သေဆုံးခြင်း ၊ သို့မဟုတ် ပျောက်ဆုံးခြင်း ၊ ဒုက္ခိတဖြစ်ခြင်း ၊ ကိုယ်လက်အင်္ဂါဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်ခန္ဓာအလုပ်လုပ်ကိုင်နိုင်စွမ်းဆုံးရှုံးခြင်း ဖြစ်ပွားပါက ဖြစ်ပွားရာနေရာ ၊ နေရက်နှင့် အချိန်ကို မတွက်ဆဘဲ အန္တရာယ် သို့မဟုတ် ဖျားနာမှုဖြစ်ပွားစေသည့် အကြောင်းရင်းကိုသာကြည့်ရှု၍ အလုပ်ရှင်ကိုယ်စား အလုပ်သမားသို့ နစ်နာကြေးပေးသွင်းသည့် ရန်ပုံငွေကိုဆိုလိုပါသည်။

ဤနစ်နာကြေးသည် အလုပ်ရှင်ကိုယ်တိုင် သွင်းရမည်ဖြစ်ပြီး အလုပ်သမားများ ရောက်တိုင်းစီ နေမကောင်းခြင်း ကိုယ်အင်္ဂါချွန့်ယွင်းခြင်းနှင့်အသက်ဆုံးရှုံးပြီး အသုဘအချိန်တွင်အကျုံးဝင်သည်


9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 ✆ 053 328 134 www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 ✆ 055 536 685 @MICMAPBURMESE / @mapradiocmms MAPFOUNDATION


Supported by:





# နစ်နာကြေးရန်ပုံငွေ

## နစ်နာကြေးရန်ပုံငွေအခွင့်အရေး

### ကျန်းမာရေးကုသခွင့်

- ဖျားနာသည့်အချိန်တွင် ဆေးကုသမှု ကုန်ကျစရိတ် ၃၅,၀၀၀ ဘတ်သတ်မှတ်ပေးထားပြီး မိမိကုန်ကျထားသည့် ဘောင်ချာအတိုင်း ထုတ်ယူနိုင်ခွင့်ရှိပါသည်

- အကယ်၍ သတ်မှတ်ထားသည့် ဆေးကုသမှု ကုန်ကျစရိတ် ထက်ပိုနေပါက ဆက်ပြီး ၂၀၀,၀၀၀ ဘတ်အထိ တင်တောင်း ထုတ်ယူနိုင်ခွင့်ရှိပါသည်

- ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးရုံဆင်းပြီးနောက်ပိုင်း မိမိနေအိမ်တွင် ဆေးကုသမှုခံယူနေချိန်အတွင်း ၃ ရက်အထက် ရှိခဲ့လျှင် မိမိလုပ်အားခ၏ပျမ်းမျှ ၆၀% ရပိုင်ခွင့်ရှိပြီး တစ်နှစ်ထက်မပိုသောရပိုင်ခွင့်ဖြစ်ပါသည်။





# နစ်နာကြေးရန်ပုံငွေ

## နစ်နာကြေးရန်ပုံငွေအခွင့်အရေး

အကယ်၍ ကိုယ်အင်္ဂါထိခိုက်ဒဏ်ရာရပြီး ချွန့်ယွင်းမှုဖြစ်သွားခဲ့လျှင် လုပ်အားခမှ နစ်နာကြေး ၆၀% ကို ရောဂါအခြေနေအရ သို့မဟုတ် သတ်မှတ်ထားသောအချိန်တွင် ရပိုင်ခွင့်ရှိသည်

အကယ်၍ ထိခိုက်ဒဏ်ရာရပြီးနောက် ကိုယ်လက်အင်္ဂါ သန်စွမ်းရန် လူမှုဖူလုံရေးရုံးမှ သတ်မှတ်ပေးထားသည့် နေရာတွင်သွားရောက်လေ့ကျင့်နိုင်ပါသည်

- ဆေးဘက်ဆိုင်ရာဝန်ဆောင်ခနှင့် သန်စွမ်းလေ့ကျင့်ရေး ကုန်ကျစရိတ်များကို ဘတ် ၂၀,၀၀၀ ထက်မပိုပဲ ထုတ်ယူပိုင်ခွင့်ရှိသည်
- ခွဲစိတ်ကုသရေးစရိတ်လည်း ဘတ် ၂၀,၀၀၀ ထက်မပိုပဲထုတ်ယူပိုင်ခွင့်ရှိသည်





# နစ်နာကြေးရန်ပုံငွေ

## နစ်နာကြေးရန်ပုံငွေအခွင့်အရေး

### ဒုက္ခိတ

- ဒုက္ခိတဖြစ်ပါက လစာငွေ၏ တစ်ရာလျှင် ၆၀ % ဖြင့်အနည်းဆုံး ၁၅ နှစ် နစ်နာကြေးရပိုင်ခွင့်ရှိသည်

### အသက်ဆုံးရှုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း

- အသက်ဆုံးရှုံးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ဖြစ်ပွားပါက သတ်မှတ်ထားသည့် ဥပဒေအတိုင်း သင်္ဂြိုလ်စရိတ် ဘတ် ၅၀,၀၀၀ ရရှိမည်

- အကယ်၍ ကျန်ရှိမိသားစုဝင် တစ်ယောက်ယောက်မှ နစ်နာကြေးရယူရန် ဥပဒေနှင့်အညီ လျှောက်ထားခဲ့လျှင် လုပ်ခလစာ၏ ၆၀ % မှရှစ်နှစ်တိုင်တိုင်ရရှိမည်။